## (ဆ) အာရညိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....တောကျောင်း၌ နေသော ပုဂ္ဂိုလ်ကို "အာရညိက ပုဂ္ဂိုလ်"ဟု ခေါ်၏၊ [အရည=တော၌×ဣက=နေလေ့ရှိသူ။] ထို တောနေပုဂ္ဂိုလ်သည်—

(၁) သူခိုး, ဓားပြ, သူပုန်စသူတို့က တောင်းလာလျှင် အဆင့်သင့် မရခဲ့သော် ဘေးရန်အန္တရာယ် ပြုတတ်သောကြောင့် အဆင်သင့်ရဘို့ရာ သောက်ရေ သုံးရေများကို တည်ထားရသည်။

(၂) မီးကိုသော်လည်း အဆင်သင့် ထည့်ထားရသည်၊ မီး မထည့်လျှင် (မီးပွတ်၍ ရသော) ပွတ်ခုံ ပွတ်ကျည်ကို ထားရသည်။[ယခုခေတ်၌ ပွတ်ခုံပွတ်ကျည်မသုံးသောကြောင့် ထို ပွတ်ခုံ ပွတ်ကျည်အစား မီးခြစ်ဗူးကို ထားရမည်။]

(၃) မိမိသွားတဲ့ လာတဲ့အခါ လွယ်ကူအောင် တောင်ဝှေးကိုလည်း ထားရသည်။

(၄) ခိုးသူတို့က မေးလာလျှင် ပြောပြရအောင် အရှေ့ အနောက် စသော အရပ်မျက်နှာတို့ကိုရင်း, နက္ခတ်တာရာတို့၏ အကြောင်းအရာကိုရင်း သိထားရသည်၊ (သိအောင် လေ့လာရသည်-ဟူလို။)